ချစ်သော

# မေမေ့ ချစ်ရောင်ခြည် နှင့်

## မိခင်မေတ္တာဖွဲ့စာစုများ

ဝါဝါထင်လင်း





ဖေဖေနဲ့မေမေ ငယ်စဉ်ဘဝ



ပွဲတက်ခါနီး ဖေဖေနဲ့မေမေ



စာရေးသူရတဲ့ ဓာတ်ပုံဆုကို ဖေဖေနဲ့မေမေကို ကန်တော့



နံပါတ်(၂)သားကြီးနဲ့အတူ အောင်ဇမ္ဗူတောရကျောင်းတွင် ဆင်းတုတော်များကပ်လှူ



မျက်လုံးခွဲပြီးစမေမေ့ကို အမေများနေ့အမှတ်တရ စိန်နဲ့မြလက်စွပ်ကန်တော့



ထိုင်းဆရာဝန်တစ်ဦးမှ မေမေ့ကို မျက်လုံးအစားထိုးဖို့ပြင်ဆင်



ကျိုက္ကလော့မိုးကုတ်ရိပ်သာဆရာတော်ဦးစန္ဒာဝရကို သပိတ်ကပ်နေတဲ့ ဖေဖေနဲ့မေမေ



မောင်လေးနှစ်ယောက်ရှင်ပြုမှာ မိသားစုစုံညီညီ



ဆေးရုံမတက်ခင် မြဘုရားမှာ



ဒုတိယအကြိမ်ဆေးရုံပြန်တက်စဉ် သီတင်းကျွတ်လပြည့်ည



မေမေ့မေမေ ဒေါ်အမာ



NCIဆေးရုံတွင်ထိုင်းသံဃာတော်တစ်ပါးအား ဝတ္ထုကပ်လှူနေတဲ့မေမေ



NCIဆေးရုံတွင် မေမေ့ကိုပြုစုပေးနေတဲ့ ညီမလေးနင်းနင်း



အောင်ဆန်းဆရာတော်ဘုရားကြီးအား သင်္ကန်းကပ်လှူနေတဲ့ မေမေ



နေ့စဉ်ဆွမ်းခံကြွသံဃာတော်အား ဝတ္ထုကပ်လှူနေတဲ့မေမေ



မေမေ့မွေးစားအမေ ဒေါ်ဒေါ်ရင်



မေမေနှင့် သား(၅)ယောက်



မေမေနှင့် သမီး(၄)ယောက်

## ချစ်သောမေမေ ကိုယ်ရေးအကျဉ်း နှင့် စာရေးသူ၏ အမှာစာ

ချစ်သောမေမေကို အဖ ဦးစိန်လှ (လူထုပညာရေးမှူး) အမိ ဒေါ်သန်းခင်(ခေါ်)အမာတို့မှ ၁၉၃၆ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက်၊ ကြာသပတေးနေ့တွင် မေမြို့မှာ မွေးဖွားခဲ့တယ်။ ဂျပန်ခေတ်မှာ မိသားစုနှင့်အတူ ပြေးရင်း၊ ပုန်းခိုရင်းဖြင့် မေမြို့မှာပင် ကြီးပြင်းကာ မေမြို့ စိန်မိုက်ကယ်ကျောင်းတွင် ရှစ်တန်းအထိ ပညာသင်ကြား ခဲ့တယ်။

နှစ်နှစ်သမီးအရွယ်မှစပြီး အမေအရင်းနဲ့ အတူမနေဘဲ မွေးစားအမေ ဒေါ်ဒေါ်ရင် (အဘွား မိထွေး) နဲ့ အတူနေခဲ့တယ်။ အိမ်ထောင်ကျပြီး သားသမီး ၅ ယောက် ရသည့်တိုင် အဘွားမိထွေးနဲ့ပဲ အတူနေတယ်။ စိတ်ထားကောင်းသူ အဘွားမိထွေးကို မိထွေးဆိုတဲ့ စကားကိုတောင် မသုံးသင့်ပါဘူး။ သိအောင်ပြောရတာ ပါ။ ကျွန်မတို့ သိပ်ချစ်ခဲ့ရတဲ့ အဘွားအရင်းမဟုတ်တဲ့ အဘွားပါ။ မိထွေးဘွားဘွားကြီးဆို ပိုမှန်ပါတယ်။

မေမေ့ကို မိထွေးအဘွားက ဘာသာသာသနာနဲ့ ယဉ်ကျေးမှု။ မြန်မာမိန်းကလေးပီသစေမှု စသဖြင့် လေးလေးနက်နက် ထဲထဲဝင်ဝင် သင်ကြားပေးခဲ့တယ်။

အိမ်ထောင်ရှင်မကောင်းပီသသူ မေမေက ဖေဖေနဲ့ ကျွန်မတို့သားသမီးအားလုံးအပေါ် တာဝန်ကျေတယ်။ ဖေဖေပြောင်းရွှေ့ရာ နေရာဒေသတွေမှာ လိုက်နေပြီး ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်သူပါပဲ …။

မေမေ့ဘဝ တစ်စိတ်တစ်ဒေသကို မေမေ့ချစ်ရောင်ခြည်မှာ ဆက်လက်ရှုစားဖတ်ကြပါရှင် …။

ကျွန်မအနေနဲ့ ဖေဖေ့ကို လွမ်းတဲ့စိတ်နဲ့ "လွမ်းလိုက်တာ ဖေဖေရယ်" စာအုပ်ထုတ်ပြီးနောက် ... သက်ရှိ ထင်ရှားရှိနေသေးတဲ့ မေမေ့အတွက်လည်း အလျှင်မီအောင် အမှတ်တရ ထုတ်ချင်စိတ်ဖြစ်မိတယ်။ မေမေနဲ့ ကျွန်မတို့မောင်နှမ ဆွေမျိုးမိတ် သင်္ဂဟတွေအတွက် ထုတ်ဖြစ်သွားတာ အတိုင်းမသိဝမ်းသာရတယ်။

မေမေ ၇၉ နှစ်ပြည့်မွေးနေ့အမှတ်တရ ထုတ်ဝေတဲ့စာအုပ်လေးကို မွေးနေ့ တက်ရောက်သူအားလုံးကို မှတ်တမ်းပြုပြီး လက်ဆောင်ပေးမှာပါ။

မောင်လေး၊ ညီမလေးတွေ တစ်ယောက်ချင်းရဲ့ ဆုတောင်းစာလေးတွေလည်း ပါပါတယ်။ ဖတ်ရှုမျှဝေပေး ကြပါနော် ...။

မေမေ့ ၇၉ နှစ်ပြည့်မွေးနေ့မှသည် ကျန်းမာပျော်ရွှင်စွာနဲ့ နောက်ထပ်မွေးနေ့ပေါင်းများစွာကို သားသမီး မြေးမြစ်တို့နဲ့အတူ ပိုင်ဆိုင်ရပါစေကြောင်း ရင်ထဲ အသည်းထဲကနေ ဆုတောင်းလိုက်ပါတယ်။

**နံပါတ်(၁)သမီးကြီး ဝါဝါမြင့်(ခေါ်)ဝါဝါထင်လင်း**

*

## သားသမီးများဆုတောင်း

၁။ ချစ်ဆုံးမေမေ အသက်ရာကျော်ရှည်ပါစေ။ ကျန်းမာချမ်းသာပြီး နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရား အားထုတ်သော မေမေ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်ဆုံးရရှိပါစေဟု ဆုတောင်းမေတ္တာပို့သပါတယ်။ သားဘဝမှာ ရဟန်းခံဘဝသို့ ပထမဦးဆုံး ရဟန်းခံပေးပြီး ဝိပဿနာတရားစခန်းများကို ပို့ပေးခဲ့သော မေမေ့ကို သားအထူး ချစ်ရပါတယ်။

**မေမေ့ကိုချစ်တဲ့သား**

**သမီးကြီးဝါဝါထင်လင်း၏ခင်ပွန်း ထင်အောင်လင်း**

၂။ မိဘများ၏ ကျေးဇူးတရားအလွန်ကြီးမားပါတယ်။ သားသမီးတိုင်းဟာ မိဘများကို ချစ်ကြပါတယ်။ "အမေ ဆိုသော အမေ"ကို ဘာနဲ့မှ နှိုင်းဆမရနိုင်ပါဘူး။ သားသမီးများ ကြီးပြင်းလာအောင် မွေးဖွားခဲ့ရတာ အလွန်ပင်ပန်း လှပါတယ်။ အမေ အသက်ရှင်နေစဉ်ကာလမှာ တတ်စွမ်းနိုင်တာကို လုပ်ပေးနိုင်ကြပါစေ။

အမေအသက် ၁၀၀ မက ကျန်းကျန်းမာမာနဲ့ တရားဘာဝနာကို အေးချမ်းစွာ ပွားများနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**နံပါတ်(၂)သားကြီးသိန်းတန်(ခေါ်)ဝင်းမြင့်ဦး**

၃။ လောကထဲကို ခေါ်ဆောင်ခဲ့သူ ကျွေးမွေးပြုစုကြီးပြင်းအောင် စောင့်ရှောက်ခဲ့သူ ဆုံးခန်းတိုင် ပညာတတ် အောင်သင်ပေးခဲ့သူ၊ အိမ်မှုကိစ္စမှန်သမျှကို မိန်းမပီသအောင် သင်ကြားပေးခဲ့သူ။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ မှ ယနေ့တိုင် ဝိပဿနာတရားများကို အားထုတ်နေသူ၊ ဘုရားတရားများ၏ တန်ခိုးအာနိသင်ကြောင့် သေမင်း အံတု နိုင်ခဲ့သူ။

ထိုသူကား တစ်ဦးတည်းသော "ချစ်အမေ" နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သားသမီးမြေးမြစ်များနဲ့ ကျန်းမာပျော်ရွှင်စွာနေနိုင်စေဖို့ နေ့စဉ်တောင်းဆုပြုလျက်ပါ "မေမေ"။

**နံပါတ်(၃)သမီးလတ် သူသူ(ခေါ်)လှလှမင်း**

ရှိသေလေးစားချစ်ခင်ရသော "အမေ"

**နံပါတ်(၃)ညီမလေး ချစ်ခင်ပွန်း ထင်အောင်ကျော်**

၄။ တုန့်ပြန်နိုင်း၍ မရသော အမေရဲ့မေတ္တာတွေကို ငယ်စဉ်ကတည်းက သိခဲ့ရပြီး အိမ်ထောင်ကျ သားသမီးရလာတဲ့ အခါမှာတော့ အတိုင်းမသိအောင် နားလည်ခဲ့ရပါတယ်။ အထူးသဖြင့် ဗုဒ္ဓရဲ့ ဝိပဿနာတရားတွေနဲ့ နီးစပ်ပြီး နားလည်အောင် လမ်းပြခဲ့တဲ့ အတိုင်းအဆမရှိတဲ့ အမေ့ကို ရှစ်ခိုးကန်တော့ရင်း မေတ္တာပို့နေပါတယ်။

**နံပါတ်(၄)သားလတ် သောင်းတန်(ခေါ်)ဝင်းတင့်ထူး**

၅။ "အမေ" ဆိုတာ ဘာနဲ့မှ တုန့်ိုင်းလို့မရတဲ့ အရာတစ်ခုပါ။

အမေ့ကို ရင်ထဲအသည်းထဲက အမြဲတမ်းချစ်လျက်ပါ။ လေးစားလျက်ပါ။ သမီးတို့ချစ်တဲ့မေမေ သက်တော် ရာကျော်ရှည်ပါစေလို့ အမြဲဆုတောင်းလိုက်ပါတယ်။

**နံပါတ်(၅)သမီးလေး နှင်းနှင်းမြင့်**

၆။ အမြဲငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းတဲ့မေတ္တာကို အနိုင်းအဆမဲ့ပေးစွမ်းနိုင်တဲ့ မိခင်မေတ္တာ၊ အနန္တ မေတ္တာကို သားသမီးအားလုံးထံသို့ တရားသဘောနဲ့အညီ မျှတမှုပေးစွမ်းနိုင်သူ၊ လူသားအားလုံးအတွက် အလို ရှိဆုံး မေတ္တာခွန်အားကို မိသားစုအတွင်းမှာ မျှတစွာ ရောက်ရှိအောင် ဆောင်ရွက်နိုင်တဲ့မိခင် လူသားစင်စစ် ဖြစ်သည်။ ကမ္ဘာမှာရှိသော မိခင်အားလုံး ကျွန်တော်၏ မိခင်ကဲ့သို့ မေတ္တာပေးဝေနိုင်ပါစေသတည်း။

**နံပါတ်(၆) သား အေးမင်း(ခေါ်)အဘန်တီး**

၇။ အဝေးမှ သားအမြဲရှိခိုးကန်တော့လျက်ပါ။ မေမေ ကျန်းမာပါစေ။ အသက်ရှည်ပါစေ။ သားသမီးမြေးမြစ် များနဲ့ ပျော်ရွှင်စွာနေရပြီး ဝိပဿနာတရားများကို ကျင့်ကြံပွားများအားထုတ်ရာမှာလည်း အမြင့်ဆုံးသော ဉာဏ်ကို ဦးနိုင်ပါစေ ...။

**နံပါတ်(၇) သား အေးဝင်း(ခေါ်)အီးလုံး**

၈။ မိဘကျေးဇူးက ဘယ်သောအခါမှ ဆပ်၍ မကုန်နိုင်ပါ။ မွေးမိခင်ကြီး

ကျန်းမာချမ်းသာစွာနဲ့ အသက်ရာကျော် ရှည်ပါစေ။ သားသမီးမြေးမြစ်များနဲ့ ပျော်ရွှင်စွာ အတူနေရပြီး အလှူရေစက် လက်နဲ့မကွာ သာသနာကို အကျိုးပြု နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

နံပါတ်(၈) သမီးငယ် မီးငယ်(ခေါ်)သင်းသင်းမြင့်

ကျွန်တော် သိခဲ့သော အမေသည် စိတ်ဓာတ်ကြံ့ခိုင်၍ လောကကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်သောအမေဖြစ်သည်။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝပါစေ။ ချစ်သားသမီး မြေးမြစ်များ နှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေရပါစေကြောင်း ဆုမွန်ကောင်းတောင်းရပါသည်။

**နံပါတ်(၈) သမီးငယ်၏ခင်ပွန်း ခင်မောင်ဝင်း**

၉။ ဖေဖေ မေမေ စာရေးသူတို့ မောင်နှမတွေရဲ့ အချစ်ဆုံးမောင်လေး။

**နံပါတ်(၉) အေးလင်းထွေး(ခေါ်)ဂျပန်ကြီး**

**၈-၃-၁၉၈၄ မှာ ကွယ်လွန်ခဲ့တယ်။**

၁၀။ ကျွန်တော် သိသော အမေက အရင်စိတ်နဲ့ အခုစိတ် နည်းနည်းကွာမှာပါ။ ဘာကြောင့်ဆို အသက်အရွယ် အပေါ်လိုက်ပြီး အမြင်ပြောင်းလဲမှုရှိတတ်လို့ပါ။ သားသမီးအားလုံးအပေါ် စိတ်ကအတူတူပါ။ အားလုံးအပေါ် အမြင် တူပါစေ။ စိတ်နဲ့တရားမြဲပြီး ကျန်းမာချမ်းသာအသက်ရှည်ပါစေ။

**နံပါတ်(၁၀) အငယ်ဆုံးသား မျိုးမင်းထွေး(ခေါ်)ဂျာမန်**

*

## အမျိုးသားစာပေဆုရှင် ကဗျာဆရာကြီး သူရဇော်၏ ဝါဝါထင်လင်း၏ မိသားစု ပန်းခင်း

မြန်မာစာပေအရေးအသားတွင် “စကားပြောနှင့်လက်ာ” ဟူ၍ နှစ်မျိုးရှိသည်။ လက်ာဆိုသည်ကို ထားလိုက် ဦးစို့။ ဤအမှာတွင် စကားပြေဆိုသည်ကို ပြောရမှာဖြစ်သည်။ စကားပြေကို ဂတ္ထုရှည်နှင့် ဂတ္ထုတို၊ ဆောင်းပါးတို့ ရေးရာတွင် သုံးသည်။ ဤတွင် နှစ်မျိုးကွဲသွားပြန်သည်။ “စာဟန်ဝါကျအရေးအသား” ဖြစ်သည်။ စာရေးသူ တစ်ယောက်သည် မည်သည့်ဟန်နှင့်မဆို ရေးသားနိုင်သည်။ ရေးသားခွင့်ရှိသည်။ အဓိကမှာ မိမိပြောလိုသည်၊ ရေးလိုသည်ကို စာဖတ်သူသို့ ရောက်အောင် ပို့ဆောင်နိုင်ဖို့ပင်ဖြစ်သည်။

ပြောလိုသည်မှာ ယခုအခါ စာရေးဟန်တစ်မျိုးခေတ်စားလာသည့်အကြောင်းဖြစ်သည်။ ယင်းမှာ “အက်ဆေး” ဆိုသော စာမျိုးဖြစ်သည်။ အင်္ဂလိပ်ဘာသာ Essay ကို မြန်မာလို တိုက်ရိုက်မွေးစားယူလိုက်ခြင်းပင် ဖြစ်သည်။ ယခင်က “စာစီစာကုံး” ဟု ဆိုခဲ့သည်။ ယခုလည်း ပညာရေးလောကတွင် “စာစီစာကုံး” ဟုပင် ခေါ်ဆို နေဆဲဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ၊ မြန်မာစာဖြေဆိုရာတွင် စာစီစာကုံးသည် အရေးပါဆဲဖြစ်သည်။ ထိုအက် ဆေးသည် အမည်ကွဲများရှိခဲ့သည်ကိုလည်း သတိရလိုက်မိပါသည်။

ယခင်က မဂ္ဂဇင်းစာစောင်လောကတွင် “စာညွန့်” ဆိုသော အမည်တစ်ခု ဖူးပွင့်ဝေဆာခဲ့ဖူးသည်။ စာညွန့် သည် စာစီစာကုံးထက်ပိုပြီး အညွန့်အကွန့် အထွန့်အတက်တွေနှင့် ဝေဝေဆာဆာရှိပုံရသည်။ စကားလုံး အဆင်

တန်ဆာများနှင့်လည်း လှလှပပ ထားပုံရသည်။ ထို "စာညွန့်" သည် ယခုအခါ ကွယ်ပျောက်သွားပြီထင်သည်။ ထိုအထဲတွင် "အစမ်းစာ" ကလည်း တစ်ခေတ်ထလိုက်ပါသေးသည်။ ထိုခေတ်ထဲတွင် ဆရာဂျမ်းတင်စိုးက "ကိုရင်ဂျမ်း၏ အစမ်းစာ" ဆိုပြီး စာတစ်အုပ်ထွက်ပါသေးသည်။ စာတမ်းဆိုသည်ကတော့ နိုင်ငံတော်အဆင့်သုံးခဲ့ သည်မှာ ကြာပေပြီ။

ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်သည် ၁၉၆၅ ခုနှစ်တွင် "ကလေးစာပေ နှီးနှောဖလှယ်ပွဲ" အမည် တပ်၍ စာတမ်းဖတ်ပွဲပြုလုပ်သည်။ စာပေဗိမာန်၏ ပမမဆုံးအကြိမ် စာတမ်းဖတ်ပွဲဖြစ်သည်။ ဒေါက်တာမောင်ဖြူး၊ မင်းသုဝဏ်၊ လူထုဦးလှ စသော ကလောင်ရှင့်မကြီးများက စာတမ်းများ ဖတ်ကြားသည်။ နှီးနှောဖလှယ်ပွဲ အမည်ဖြင့် ဆက်လက်ပြုလုပ်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင် "နိုင်ငံတကာစာအုပ်နှစ်စုပေါင်း စာတမ်းဖတ်ပွဲ" ဟု အမည် တပ်သည်။ ၁၉၇၄ ခုနှစ်တွင် ပြုလုပ်သော "စာနယ်ဇင်းတိုင်းခေတ်သမိုင်းစာတမ်းဖတ်ပွဲ" မှစ၍ စာတမ်းဖတ်ပွဲ အမည်ဖြင့် ပြုလုပ်ခဲ့သည်။ ဆက်လက်၍ "သုတဘဏ်စာတမ်းဖတ်ပွဲ" အမည်ဖြင့် ပြုလုပ်သည်။ စာပေဗိမာန် စာတမ်းဖတ်ပွဲများဟု ထင်ရှားသည်။ ယင်းပွဲများတွင် တင်သွင်းဖတ်ကြားခဲ့သောစာများသည် စာတမ်းများဖြစ် သည်။ စာတမ်းများအားလုံး စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသည်။

ဤသို့ဖြင့် စာစီစာကုံး၊ စာညွှန့်၊ အစမ်းစာ၊ စာတမ်း၊ မွေးစားဝေါဟာရ အက်ဆေး စသည်ဖြင့် အသွင်များ ပြောင်းလာခဲ့သော စကားပြေအရေးအသားဆောင်းပါးတစ်မျိုးသည် ယခုအခါတွင် အက်ဆေးဟူသော အမည်ဖြင့် နေရာကျယ်ကျယ်ယူခဲ့ပေပြီ။ နိုင်ငံတော်က ချီးမြှင့်သော အမျိုးသားစာပေဆုမှာပင် "အက်ဆေး" ဟူသည်ကို သီးခြားဆုတစ်ဆုအဖြစ်ပေးရန် အသံများ ထွက်ပေါ်လျက်ရှိသည်။ ထို့ပြင် တဖလည်း မြန်မာဝေါဟာရဖြစ်သော "ရသစာတမ်း" ဟူသည်ကိုပင် အဆင့်မြှင့်လိုက်လေသလားထင်ရသည်။ စာတမ်းဟူသည်ကိုပင် သုတ၊ ရသ ခွဲခြား လိုက်ခြင်းဖြစ်ပေသည်။ သုတစာတမ်းနှင့်

ရသစာတမ်းဟု ဆိုဖွယ်ရာရှိသည်။

စာရေးဆရာမဝါဝါထင်လင်း ကျွန်တော့်လက်သို့ ကမ်းလိုက်သော စာမူသည် အမည်သစ်ဖြစ်သည်။ စာမူ အမည်က "ချစ်သောမေ့မေ့ချစ်ရောင်ခြည်နှင့် မိခင်မေတ္တာဖွဲ့ ရသစာစုများ" ဖြစ်သည်။ ရသစာတမ်းမဟုတ်၊ ရသ စာစုများဟု ဆိုသည်။ စင်စစ် "များ" ထည့်ရန် မလိုပါ။ ရသစာစုဆိုလျှင် လုံလောက်ပါသည်။ စာစုဟု ဆိုလိုက်လျှင် အများသဘောပါပြီးဖြစ်သည်။

စာမူက စုစုပေါင်း ၁၃ ပုဒ်ရှိသည်။ ချစ်သောမေမေ့ရောင်ခြည်နှင့် မိခင်မေတ္တာ ဖွဲ့ဆိုသောကြောင့် အမေ့ အကြောင်းများပင်ဖြစ်မည်။ စာမူ ၁၃ ပုဒ်တွင် မေမေ့အကြောင်းက များသော်လည်း တစ်ခါတစ်ရံ ဖေဖေက ပါလာ တတ်သည်။ မောင်တွေ ညီမတွေအကြောင်းလည်း ဖျတ်ခနဲ တို့လိုက်သေးသည်။ ဝါဝါထင်လင်းနှင့် ကျွန်တော်က မိသားစုအလိုက် ရင်းနှီးခင်မင်ကြသည်။ မိသားစုနှစ်ခု ကူးလူးဆက်ဆံမှုရှိသည်။ ဖခင်ဖြစ်သူမှာ တပ်မတော်အရာရှိ ကြီးတစ်ဦးဖြစ်၍ ယခုအခါ ကွယ်လွန်ခဲ့ပြီး မိခင်ကြီးရှိသေးသည်။ သားသမီးများတွင် သူကအကြီးဆုံးဖြစ်သည်။ အိမ်ထောင်ကွဲတွေဖြစ်သော်လည်း မောင်နှမများ အတော် စည်းလုံးကြသည်။ ချစ်ခင်ကြသည်။ ပြီးတော့ သူသည် ခင်ပွန်းကောင်းကို ရလိုက်သည်။ သူ့ခင်ပွန်း ကိုထင်အောင်လင်းသည် သူစာရေးနိုင်အောင် ပံ့ပိုးပေးနိုင်သည့် ပါရမီ ဖြည့်ဖက်ခင်ပွန်းကောင်း ဖြစ်သည်။ ထို့မျှသာမက သူသည် သားကောင်းသမီးကောင်းလည်း ရရှိထားသူဖြစ်သည်။ ဤသည်တို့ကား ဝါဝါထင်လင်း စာတွေရေးနိုင်အောင် ထောက်ပံ့ပေးနေသည့် အခြေခံအကြောင်းများတည်း။

သည်တော့ သူသည် စားဝတ်နေရေးအတွက် ပူပန်စရာမရှိ၊ စာပေဟောပြောပွဲများ သူလိုက်နိုင်သည်။ စုပေါင်းသွားကြသည့် စာပေခရီးလား။ သူမပျက်တတ်။ စာပေကိစ္စတွေ၊ စာအုပ်ထွက်ပွဲတွေလား သူရောက် တတ်မြဲ။ ပြီးတော့ သူစာရေါနိုင်သည်။ စာလည်း ရေးတတ်သည်။ စာပေခရီးသွား၊

စာပေကိစ္စဝိစ္စတွေကိုလည်း ဖြိုးခနဲ ဖျတ်ခနဲ ရေးတတ်သည်။ စာတစ်စောင် ပေတစ်ဖွဲ့လည်း သူရေးသားထုတ်ပေသည်။ သည်စာစုသည် သူ့မိခင်ကြီး ဘန်ကောက်သို့ သွားရောက်ဆေးကုသခံယူရ၍ သူလိုက်ပါပြုစုရပုံများကို အခြေခံကာ ဖြစ်ပေါ်လာ သောစာများဖြစ်သည်။ သူက စာရေးတတ်သူဆိုတော့ သူ့စာများက စာဖတ်သူကို ခံစားမှုရသများ ပေးစွမ်း နိုင်ပေသည်။

သူသည် မိခင်ကြီး ဆေးဝါးကုသမှုအတွက် ဘန်ကောက်ဆေးရုံတွင် လနှင့်ချီပြီးနေရသည်။ ခံစားရတယ်၊ သနားတယ်၊ ကြင်နာချင်တယ်ဆိုတာ ပုံ့ပြန်ချင်ပြီ၊ တစ်နေ့တာ၊ တစ်ညနေရဲ့ ဘန်ကောက်တက္ကစီအရသာ (၁)နှင့် (၂)၊ တစ်နေ့တာရဲ့ ခဏတာများသည် ဘန်ကောက်ဆေးရုံနှင့် ဘန်ကောက်မြို့အတွေ့အကြုံဖြစ်သည်။

"ရေဆန်မှာ ကျမည့်ရေစက်" သည် ထူးခြားသည့်စာတမ်းဖြစ်သည်။ မိဘနှင့် သားသမီးတို့၏ မေတ္တာကို စုန်ဆန်သဘောပြောကြလျှင် မိဘ၏ မေတ္တာကို "စုန်ရေ" ဟု ခေါ်သည်။ သားသမီးက မိဘအပေါ်ထားသော မေတ္တာကို "ဆန်ရေ" ဟု ဆိုသည်။ ဝါဝါထင်လင်းက ဖေဖေနှင့် မေမေကို သည်သို့ ရေးဖွဲ့သည်။

"မေမေ ငယ်ငယ်က သိပ်ချောသိပ်လှသည်။ ကိုယ့်လိုရာ ဆွဲပြောခြင်းမဟုတ်ပါ။ တကယ်ချော တကယ် လှတဲ့ မေမေ့ကို ဖေဖေက သိပ်ချစ်ခဲ့သည်။ မေမေ့ကို ချစ်သလို သားသမီးဆယ်ယောက်စလုံးကိုလည်း ဖေဖေက ညီတူမျှတူချစ်သည်။ သက်ဆုံးတိုင် ရိုးမြေကျ မဖောက်မပြန် မေမေ့ကို ချစ်ခဲ့သည့် ဖေဖေပါ။ ဖေဖေကလည်း ချောပါသည်။ မျက်လုံး မျက်ဖန် နှာတံ နှုတ်ခမ်း ပြောစရာမရှိပါ။ ဖေဖေနဲ့ မေမေ ဘဝထဲ ကျွန်မဦးဆုံး ဝင်ရောက် ခဲ့သည်။

ဝါဝါထင်လင်းသည် ဖေဖေနှင့် မေမေ့အကြောင်းပြောရင်း မိသားစုအကြောင်းကို ဖော်ပြထားသည်။ သူ့တွင် ဖေဖေမရှိတော့။ ကွယ်လွန်ခဲ့ပြီ။ မေမေကား ၇၉ နှစ်အရွယ်ထိ ကျန်းမာပါသည်။ သို့သော် ယာဘက်မျက်လုံး တစ်လုံးထုတ်လိုက်ရသည်။ ဖေဖေ ကွယ်လွန်သွားပေမယ့်

ဖေဖေအသက်ရှင်စဉ်များနှင့် သူ၏ ခင်ပွန်းသည်အပါ အဝင် မောင်နှမတွေ၏ မိဘအပေါ် ကျေးဇူးတုံ့ပြန်ပုံများ ရေးဖွဲ့ထားသည်။ ဆန်ရေမှာ ကျမည့်ရေစက်သည် မိဘ ကျေးဇူးကို သိတတ်သည့် သမီးများ၏ “ဆန်ရေ” ကို ကွင်းကွင်းကွက်ကွက်မြင်နိုင်၍ ကြည်နူးနှစ်သိမ့်မှုရသကို ပေးစွမ်းနိုင်သည်ဟု ဆိုချင်ပါသည်။

“ချစ်သော မေမေ့ချစ်ရောင်ခြည်” သည် စာစုအားလုံးကို ချုပ်သော စာတမ်းပေါင်းစည်းအမည်ဖြစ်သည်။ စာတမ်းသည် ဝါဝါထင်လင်း မိသားစု၏ မြင်ကွင်းကျယ်ဟု ဆိုနိုင်သည်။ “ရေဆန်မှာ ကျမည့်ရေစက်” ထက်ပို၍ စုံလင်သည်။ အဘိုးအဘွားအကြောင်းလည်း ပြောသည်။ ဝါဝါထင်လင်းသည် မွေးချင်းမောင်နှမ ၁၀ ယောက်တွင် အကြီးဆုံးဟု ဆိုခဲ့ပြီ။ သူ၏ အချစ်ဆုံး (ကိုးယောက်မြောက်နို့ညှာ) မောင်လေးကွယ်လွန်သွားကြောင်း သူရေးသည်။ သားသမီး ၁၀ ယောက်နဲ့ အမေ့အကြောင်းရေးထားပုံကို ဤသို့တွေ့ရသည်။

“ကျွန်မတို့ မောင်နှမတွေ ငယ်စဉ်ကာလ မေမေ့ရဲ့ ကြင်နာမှု၊ ဂရုစိုက်မှုတွေက ဘယ်တော့မှ မမေ့နိုင်ပါ။ ဘယ်သားသမီးအပေါ်ကိုမှ ပိုတယ်မရှိ၊ အားလုံးကို မေတ္တာမျှပြီး ချစ်တတ်သူမေမေပါ။ ဖျားနာနေမကောင်း ဖြစ်နေချိန်မှာတော့ နေကောင်းနေတဲ့ သားသမီးတွေထက် ပိုလို့ဂရုစိုက်ပြုစုယုယပေးတယ်။ လက်ဆယ်ချောင်းမှာ တစ်ချောင်းထိခိုက်ပြီး နာနေရင် နာနေတဲ့ လက်ချောင်းကို ညှာရသလိုပါပဲ”

ဝါဝါထင်လင်းသည် မိခင်ကြီး ဘန်ကောက်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူရာတွင် လိုက်ပါပြုစုရသည်။ ဘန်ကောက်တွင် တော်တော်ကြာကြာနေရသည်။ အကြိမ်ကြိမ်သွားရတော့ ရန်ကုန်- ဘန်ကောက်ဆိုတာ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်ခဲ့သည်။ နောက်ပိုင်း ရန်ကုန်မှ သူနှင့်ခင်မင်သူများ ဘန်ကောက်သို့ ဆေးကုသရန် သွားလျှင် သူ့ကို ခေါ်သွားရသည်အထိ “သူသည် ဘန်ကောက်ဆေးရုံတကက်ကျွမ်းကျင်သူ”

ဖြစ်လာတော့သည်။ စာတမ်းတွင် -

“လပြည့်ရှစ်ခါရှိသွားပြီ။ သားအမိသုံးယောက် သူများနိုင်ငံမှာ စိတ်တွေပူ၊ ရင်တွေမော၊ မျက်စိသူငယ်၊ နားသူငယ်ဖြစ်ရတယ်။ မေမေ စိတ်အားမငယ်အောင် ညီအစ်မနှစ်ယောက် အားတင်းပြီး အားပေးရတယ်။ နေသမျှ ရောက်သမျှ ဝန်းကျင်တွေမှာ အနေမတူ၊ အစားမတူ၊ စကားမတူသူများကိုသာ တွေ့ရတာ မို့ ကိုယ့်လူမျိုးရဲ့စကား သံ၊ အစားအစာ၊ ပတ်ဝန်းကျင်တို့ကို အလွန်အမင်း သတိရတမ်းတမိတယ်။ နေ့စဉ်နဲ့အမျှ သွားလာလှုပ်ရှားနေရ တာက ဆေးရုံ၊ ဆေးခန်း၊ ကင်ဆာဝေဒနာရှင်တို့ စုဝေးရာမြင်ရတွေ့ရတာ စိတ်ပျော်ရွှင်စရာရှိပါ့မလား”

ဟု ရေးသားထားရာ “လပြည့်ရှစ်ခါ” ဆိုတော့ လေးလကြီးများတောင် နေခဲ့ရတာ ပေါ့။ တစ်လမှာ လပြည့် ဆိုတာ ၂-ခါပဲ ရှိတာ မဟုတ်လား။ ဘန်ကောက်မြို့၊ Natuinal Cencer Institute မှာ အကြာကြီးနေခဲ့ရတာ ပါလား ဟု သူစာဖတ်ရင်း မှတ်ချက်ပြုမိသည်။

ရသစာတမ်း၏ ၁၃ ခုမြောက် နောက်ဆုံးစာတမ်းက “မေမေ့ မေမေ ဘာလို့အသက်ရှည်” တွင် ဘိုးဘိုးနှင့် ဘွားဘွားအကြောင်း ရေးဖွဲ့ထားသည်။ သူက ဘွားဘွားကို တိုက်ရိုက်မဆို၊ မေမေ့ မေမေဟု ဆိုလိုက်သည်မှာ နှစ်သက်စရာပင်။

“မြေးကြီးရယ် ဘွားဘွားဒူးတွေ မကောင်းတော့ဘူး၊ ခါးကလည်း နာတယ်၊ ခန္ဓာကြီးက မကောင်းတော့ ပါဘူးကွယ်၊ သူ့ကို တစ်ချိန်လုံး ကျွေးမွေးပြုစုဆေးတိုက်လုပ်ပေးနေတာတောင် ဖောက်ပြန်နေတာ”

ဟု ဆိုသော ဘွားဘွားသည် အသက် ၉၀ ပြည့်သည်အထိ သူ့အဝတ်သူလျှော်သည်။ သားသမီးမြေးတွေ ခေါင်းမူးခေါင်းကိုက်ဖြစ်လျှင် ဆေးလိမ်းနှိပ်ပေးသည်အထိ ကျန်းမာသည်။ သည်ဘွားဘွား၏ ခံယူချက်ကိုလည်း ကြည့်ပါဦး။

“နေမကောင်းရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူးကွယ်၊ မသေဘဲ အိပ်ရာကျောကပ် အကြာကြီးမနေပါရ စေနဲ့၊ ဆေးရုံပေါ်လည်း မနေချင်ဘူး၊ ကိုယ့်အိမ်မှာပဲ အေးအေးဆေးဆေး သေပါရစေ”

ဆိုသော ဘွားဘွားသည် အသက် ၉၇ နှစ်ကျော်မှ ကွယ်လွန်သည်။ မေမေ့ မေမေ ဘွားဘွား၏ အသက် ရှည်ခြင်းသည် အတုယူဖွယ်ကောင်းလှသည်။

ချစ်သောမေမေ့ချစ်ရောင်ခြည်နှင့် မိခင်မေတ္တာဖွဲ့ရသစာစုများသည် ဝါဝါထင်လင်း၏ မိသားစုပန်းခင်းလည်း ဖြစ်သည်။ သူ၏ ရသစာစုများသည် အက်ဆေးခေါ် ရသစာတမ်းများအလယ်တွင် ငွားငွားစွင့်စွင့် ပွင့်လန်းနိုင်ပါစေ ဟု ဆန္ဒပြုလိုက်ရပါသည်။

**သူရဇော်**

**ဇူလိုင် ၅၊ ၂၀၁၅**

**ညနေ ၅း၃၀ နာရီ**

*

## မေမေနှင့် အတိတ်တစ်နေရာ

ကျွန်မကို ရန်ကုန်ဘောက်ထော် သုခိတာလမ်းမှာ မွေးတယ်။ ကျွန်မ ၁၉ ရက်သမီးနဲ့ ဖေဖေ ဗထူးကို ပြောင်းရတာ မို့ မိသားစုရထားကြီးစီးသွားရတယ်။ မေမေ့ မွေးစားမေမေ ဘွားဘွားကြီးဒေါ်ရင်က အနီးထွေးထွေး အူတာရဲပေါက်စိကွေးလေး ကျွန်မကို သူ့ရင်ခွင်ထဲက မချဘဲ ချီထားတယ်။ ဖေဖေက မေမေ့ကို ဖေးကူမပြီး အိပ်စေ တယ်။ ရထားကြီးက ဂျုံးဂျုံးဂျက်ဂျက် လှုပ်ခါ လှုပ်ခါ။ ညရောင်ကလည်း နက်ခါ နက်ခါမို့ ဘွားဘွားလည်း အိပ်ချင် ရှာမှာပေါ့။ အိပ်ငိုက်ရင်းနဲ့ဘဲ ကျွန်မကို လွတ်မထွက်အောင် ပွေ့ပိုက်ထားနေရာကနေ သတိလက်လွတ် ဖြစ်သွားသူ ဘွားဘွား ကျွန်မကို လွှင့်ပစ်လိုက်တယ်။

"အမလေး ... ကျွန်တော့်သမီးလေး သေပါပြီဗျ"

ဖေဖေ့အသံကြီးက တွဲထဲက လူတွေအားလုံးကို လှန့်နှိုးလိုက်သလို

"အမလေး ... ဘုရား ဘုရား ... အမေ အမေ အိပ်မက်မက်ပြီး ယောင်လွှတ်ချမိလိုက်တာ ... လုပ်ကြပါဦး ဟယ် ငါ့မြေးလေး ဘာဖြစ်သွားလဲ ..."

ဘွားဘွား ပျာယာခတ်သွားပြီး ကျွန်မကို ကောက်ချီလိုက်တယ်။ တော်ပါသေးတယ်။ ရထားပြတင်းပေါက် ဘက်များ လွှင့်ပစ်လိုက်မိရင်၊ မတွေးရဲစရာ အခုတော့ ရထားကြမ်းပြင် အိပ်ရာလိပ်ပေါ်ကျသွားတာ ကလေးကို နတ်စောင့်တယ်ဆိုတာ ဟုတ်မှာ ...။

"အိပ်မက်ထဲ ကလေးလွတ်ကျသွားတယ်လို့ မက်ပြီး ... လိုက်ဖမ်းရာက အပြင်မှာ လွှင့်ပစ်ချလိုက်မိတာ ဘုရား ဘုရား တော်ပါသေးရဲ့ ... အမေ့အပြစ် အမေ့အပြစ် ..."

ဘွားဘွားက ကျွန်မတစ်ကိုယ်လုံးကို ဟိုစမ်းသည်စမ်းနဲ့ သူ့အဖြစ်ကို ယူကြုံးမရ ဖြစ်နေရှာတယ်။

*

ဗထူးမြို့ တစ်နေရာ တောင်ကုန်းပေါ်က အိမ်ကလေးမှာ ... ဖေရယ် မေရယ် ကျွန်မရယ် နေကြတယ်။ ဘွားဘွားက မေမြို့ကို ပြန်သွားပြီ။ ဖေဖေ ည Duty ကျလို့ အိမ်ပြန်မအိပ်ရတဲ့နေ့ဆို မေမေရယ် ကျွန်မရယ် အိမ်မှာ နှစ်ယောက်ထဲ နေရတယ်။ မေမေ့ အသက် ၁၉ နှစ်ပဲ ရှိသေးတာ။ ကျွန်မက လိမ္မာတယ် လသမီးအရွယ် လေးနဲ့ မေမေ့စကားနားထောင်တယ်။

“သမီး ဒီမှာ ထိုင်နေနော် ... မေမေ ထမင်းသွားထည့်ဦးမယ်”

ထမင်းထည့်ပြီး ပြန်လာတဲ့အထိ ထိုင်နေရာကနေ မရွှေ့ဘဲ မေမေ့လှုပ်ရှားမှုတွေကို လှမ်းကြည့်နေတတ် တယ်။ မျက်လုံးပြူးပြူး ဝိုင်းဝိုင်း ပုံ့ပုံ့လေးထိုင်နေသူ ကျွန်မကို မေမေက ရွှတ်ခနဲနမ်းတယ်။

“လိမ္မာလိုက်တဲ့ သမီးလေး”

သားအမိနှစ်ယောက်ထဲမို့ အိမ်အလုပ်တွေ ဇယ်ဆက်သလို လုပ်နေသူ မေမေက အလုပ်လုပ်ရင်း ကျွန်မကို မျက်စိအောက်က အပျောက်မခံဘူး။ တစ်ခါက မေမေ့ခများ အိမ်သာတက်အလေးသွားချင်နေတာ ကျွန်မကိုချီပြီး သွားနေတုန်း ကျွန်မလေ မေမေ့အပေါ်မှာ အီးအီးတွေ ပါချပစ်လိုက်တာ မေမေ့မှာ တစ်ယောက်ထဲ မနိုင်မနင်း ဖြစ်ရောဘဲ။

မေမေ ... ကျွန်မကို စိတ်မဆိုးတဲ့အပြင် ...

“ငါ့သမီးကတော့ ... အမှတ်ရအောင် လုပ်နေပြီ”

ဖေဖေရုံးက ပြန်လာတော့ အဲဒီ့ အကြောင်းပြောပြီး ဖေနဲ့ မေ သဘောကျရယ်နေကြတယ်လေ။ ပျော်စရာ ကြီးနော်။ ဖေနဲ့ မေကို ကြည့်ပြီး ကျွန်မလည်း ခိုးခိုးခစ်ခစ်ရယ်တာပေ့ါ ...။

တစ်နေ့ ... ကလော ရွှေဥမင်ဘုရားပွဲသွားကြတယ်။ ဖေဖေက ကျွန်မကို ပခုံးပေါ်တင်ပြီး အပေါ်စီးကနေ လျှောက်ကြည့်စေတယ်။ မေမေ့လက်ကိုလည်း ဆွဲလို့ပေ့ါ။ လူတွေက များလိုက်တာ ... ကြိတ်ကြိတ်တိုး ကျပ်ညပ် နေရော။ ပလောင်တွေ၊ ပအို့ဝ်တွေ၊ ဓနုတွေ၊ ရှမ်းတောင်သူတွေ အစုံအလင်ပါပဲ။ စည်ကားလိုက်တာ၊ တိုးရင်းတိုးရင်း လူတွေကြားထဲ ကျွန်မလေ ပလောင်မလေးတစ်ယောက်ရဲ့ ဦးထုပ်ကို လှမ်းဆွဲယူလိုက်တာ ပလောင်မလေး ငိုပါ လေရော။ ဦးထုပ်လေးက ရောင်စုံကြိုးတန်းလေးတွေနဲ့ အသည်းယားပြီး လိုချင်တာမို့ ဆွဲချွတ် ယူလိုက်တာပေ့ါ။ ဖေဖေက ကျွန်မ လက်ထဲက ဦးထုပ်ကို ဆွဲယူပြီး ပလောင်မလေးကို ပြန်ဆောင်းပေးတယ်။ ဖေဖေက တောင်းပန် တယ်။ သူတို့ မြန်မာစကား မတတ်ဘူး။ နားမလည်ဘူး။ ဒါပေမယ့် သဘောပေါက်တယ်။ ပြုံးရယ်ပြီး ကျေကျေနပ် နပ်ပဲ လူအုပ်ကြားထဲတိုးဝင် ပျောက်ကွယ်သွားကြတယ်။ ဖေဖေက ရောင်စုံသိုးမွေးဦးထုပ်လေး တစ်လုံးဝယ်ပြီး ဆောင်းပေးတယ်။ ကျွန်မ ပျော်လိုက်တာ။

တစ်ည ... ခါတိုင်းလို ဖေဖေ ညတာဝန်ကျပြန်တာမို့ မေမေရယ် ကျွန်မရယ် အိမ်မှာ နှစ်ယောက်ထဲ မိုးတွေ ကလည်း သည်းသည်းမည်းမည်းရွာနေတယ်။ မီးကလည်းမရှိ ... မှောင်ကြီးထဲမှာ မေမေရယ် ကျွန်မကို ချိုချိုတိုက်၊ သီချင်လေးညည်းပြီး တင်ပါးကို ပုတ်ရင်းသိပ်တယ်။ ကျွန်မကလည်း တော်တော်နဲ့ မအိပ်ဘူး။ အဲဒီ့ အချိန် အိမ်အပြင်က လေတိုးသံလား တံခါးခေါက်သံလား တံခါးပွင့်သံလား မေမေကြားလိုက်တာမို့ ... ကျွန်မကို ပွေ့ချီပြီး အသထလိုက်တယ်။ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်လိုက်တာ လျှပ်စီးတွေက တဖြတ်ဖြတ် လင်းခနဲ လက်ခနဲ မိုးခြိမ်းသံကလည်း တဂျုန်းဂျုန်း

တဂျိုင်းဂျိုင်း ... မေမေလေ ကျွန်မကို အတင်းပွေ့ဖက်ထားတာ မနည်း အသက်ရှူနေရတယ်။

“ဘတ် ... ဘတ် ... ဘတ် ... ဘတ်”

ဘာသံကြီးလဲ မသိဘူး ... မိုးသံ ရေသံကြား ရွှံ့ဗွက်တွေပေါ် တစ်လှမ်းချင်း လျှောက်လာသလို ခြေသံကြီး၊ တဖြည်းဖြည်း နီးနီးလာတယ်။ မေမေ ဘုရားစာတွေ ရွတ်နေတယ်။ သဗ္ဗုဒ္ဓေဂါထာရွတ်နေတာ ကျွန်မသိနေတယ်။ မေမေ့လက်ထဲ ဓာတ်မီးပါလာတယ်။ မေမေ တော်တော်ကြောက်နေတယ်။ ကျွန်မလည်း မေမေ့ရင်ခွင်ထဲမှာ ငြိမ် ငြိမ်လေးနေပေးတယ်။ မအော်ဘူး။ မငိုဘူး။ ဖေဖေရေ ပြန်လာပါတော့ မေမေ သနားပါတယ်။ မေမေ ကျွန်မကို ငုံ့နမ်းပြန်တယ်။ အပြင်က အသံကြီးတိတ်သွားတယ်။ မိုးကျသံတွေက တဖြောက်ဖြောက်။

“ဘတ် ... ဘတ် ... ဘတ်” ဟော ကြားရပြန်ပြီ။

မိုးသံတော့ တိတ်သွားပြီ။ အမှောင်က ကြီးစိုးတုန်း ... ဖားအော်သံတွေ အပြိုင်ထွက်လာတယ်။ မေမေလေ အရဲစွန့်ပြီး အပြင်ကို လှမ်းကြည့်ပြန်တယ်။

“အမလေး ... ဘာကောင်ကြီးလဲ မသိဘူး” နည်းတဲ့ ကိုယ်ခန္ဓာကြီး မဟုတ်ဘူး ... မည်းမည်းတုတ် တုတ်ကြီး ဘယ်မှမသွားဘဲ ရပ်နေတယ်။ အိမ်ပြတင်းပေါက်နဲ့ ကပ်ပြီးရပ်နေတာ “ဒုက္ခပဲ ... ဒုက္ခပဲ” တစ္ဆေလား သရဲလား ပြိတ္တာကြီးလား။

“ဘတ် ... ဘတ် ... ဘတ် ... ဘတ်”

ဟော ... လုပ်ပြန်ပြီ။ ကြားရပြန်ပြီ။

“ဘုရား ... ဘုရား အိမ်ထဲဝင်လာရင် ဒုက္ခ ...”

မေမေလေ ... ကျွန်မကို ညာလက်နဲ့ သေချာပွေ့ပိုက် ဘယ်လက်နဲ့ မည်းမည်းကောင်ကြီး မြင်ရာကို အရဲစွန့်ပြီး ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တာ ...။

"အမလေး ... ဘုရား ဘုရား"

ကျွန်မ မျက်စိကို တအားမှိတ်ထားတယ်။

မေမေ့ အံ့ဩပြီး အော်လိုက်သံ၊ ဘာကြီးပါလိမ့် ဘာကောင်ကြီးလဲ။

"ဟောတော့ ... ကျွဲကြီး ... ကျွဲကြီး ..."

အိမ်ဘက်ကို လှည့်ကြည့်နေတယ်။ ဓာတ်မီးထိုးထားတော့ ကျွဲကြီးမျက်လုံးအစုံက စူးပြီး လက်လက်ထလို့။ တစ်ကောင်ထဲ မဟုတ်ဘူး။ နှစ်ကောင်တောင် ...။

လှုပ်တုတ်လှုပ်တုတ်နဲ့ "ဘတ် ... ဘတ် ... ဘတ် ... ဘတ်"

အသံအဖြေကို အရှင်းသလိုက်ရသူ မေမေ ... သက်ပြင်းမောချပြီး ကျွန်မနဲ့အတူ အိပ်ယာဝင်လိုက်တယ်။ မေမေ သနားပါတယ်။ မိုးရယ် လင်းပါတော့ ဒါမှ ဖေဖေပြန်လာမှာ ...။

*

တနင်္ဂနွေတစ်ရက် မေမေ ဈေးဝယ်ထွက်ချိန် ဖေဖေနဲ့ ကျွန်မ အိမ်မှာ နှစ်ယောက်ထဲ ကျန်ခဲ့တယ်။ ဖေဖေ ကျွန်မကို ရေးချိုးပေးတယ်။ ရေဇလုံကြီး ဖေဖေ့လက်ခုပ်ကြီးနဲ့ ရေခပ် ... ဂုတ်ပေါ်ကရော ခေါင်းပေါ်ကပါ လောင်းချိုးပေးတယ်။ ကျွန်မ လက်ဝါး ပိစိကေါးလေးနဲ့ ရေကို ပုတ်ဆော့ရတာ ပျော်စရာကြီး။ ခိုးခိုး ခစ်ခစ်ရယ်ပြီး ဆော့နေတာကို ဖေဖေက သဘောအကျကြီး ကျနေတယ်။ ရေချိုးပြီး ...

"ထမင်းရည်နဲ့ နို့ရည် အောက်ကိုဆင်းဆင်း ..."

ရေဇလုံထဲကနေ ကျွန်မကို ရေစစ်ပြီး မှောက်လျက်အနေအထားနဲ့ ပွေ့ချီလိုက်တယ်။ ကျောပေါ်ကနေ အနီးဖြူဖြူကိုပတ်ပြီး ပက်လက်လှန်လိုက်တယ်။

"ခိ … ခိ … ခိ"

ကျွန်မ ဖေဖေ့ကို ရယ်ပြလိုက်သည်။

"စာ … သမီးသွားလေး ရှေ့မှာ သွားလေးနှစ်ချောင်းအရာထင်နေပြီ"

ဖေဖေက လက်ညှိုးနဲ့ ကျွန်မသွားငုတ်စိလေးကို အသာစမ်းကြည့်တယ်။ သွားဖုံးယားပြီး တိုက်ချင်နေသူ ကျွန်မ ကိုက်ပစ်လိုက်တာ နာလည်း မနာဘဲနဲ့ ဖေဖေက အော်လိုက်တာ "ဟာ … ကိုက်တယ်ဟ … ကိုက်တယ်ဟ … နာတယ်ဗျ … နာတယ်ဗျ …"

ဖေဖေရယ်လေ … မိန်းမကြီးတစ်ယောက်လိုပဲ ကျွန်မကို အနီးဖြူဖြူနဲ့ ရေစင်အောင်သုတ်ပြီး ဝိုင်အိုလက် ပေါင်ဒါတွေ တစ်ကိုယ်လုံး ဖြူးလိမ်းပေးတယ်။ မေမေသွေးပြီး ထည့်ထားတဲ့ သနပ်ခါးနဲ့ မျက်နှာတစ်ခုလုံး ခြေတွေ လက်တွေပါမကျန် လိမ်းပေးတယ်။

မေမေ ပြန်လာကာနီးပြီ။

ဟော် … ဖေဖေ ကျွန်မကို စစ်အိတ်ရှည်ကြီးတစ်လုံးထဲ ထည့်နေတယ်။ ဘာလုပ်မလို့ပါလိမ့်။ ကျွန်မ တအားကြောက်သွားတယ်။ ဖေဖေ ကျွန်မကို အိတ်ထဲထည့်ပြီး လွှင့်ပစ်မလို့လား။ ဖေဖေ တစ်ခုခုသတိရပြီး ကျွန်မကို ပြန်ထုတ်လိုက်ပြန်တယ်။ မထိုင်တတ် ထိုင်တတ် ကျွန်မကို ပုံ့ပုံ့လေး ထိုင်စေတယ်။ လဲကျမသွားအောင် လက်တစ်ဖက်နဲ့ ထိန်းရင်း စားပွဲပေါ်မှာ မေမေဖျော်ပေးခဲ့တဲ့ ဟောလစ်မတ်ခွက်ကို လှမ်းယူပြီး ကျွန်မကို တိုက်တယ်။

ကျွန်မလည်း ဗိုက်ဆာနေတာမို့ လက်နှစ်ဖက်နဲ့ အတင်းဆွဲယူမော့သောက်ပစ်လိုက်တာ "တဂွတ် ဂွတ်နဲ့ … အဟွတ် ဟွတ်" ဆိုပြီး

သီးတောင်သီးတယ်။ ဖေဖေက “ကနိ ကနိ” နဲ့ ကျွန်မငယ်ထိပ်ကို တဖူးဖူးမှုတ်ပေးတယ်။ ရှူးရှူးတွေ ပေါက်ချပြန်တာမို့ ဖေဖေ အလုပ်ရှုပ်ပြန်ရော။ ရေနဲ့ သန့်ရှင်းရေးလုပ်၊ အနှီးနဲ့ခြောက်အောင်သုတ်၊ ဝိုင်အိုလက်ပေါင်ဒါထည့်ပေးပြီး၊ အနှီးကို စမူဆာပုံခေါက်လို့ ခါးတောင်းကြိုက်ပေးတယ်။ ပြီးတော့ စစ်အိတ်ရှည်ကြီးထဲ ပြန်ထည့်တယ်။ နှုတ်ခမ်းနားကို လက်ညှိုးကပ်ထောင်ပြီး “ရှူး ရှူး” တိတ်တိတ်နေပေ့ါ။ ကျွန်မ ဖေဖေ့ စကားနားထောင်ထောင်တယ်။ လုံးဝမအော်ဘူး …. အင့် အဲ တောင်မလုပ်ဘူး။ တိတ်တိတ်လေးနေပေးတယ်။

ဟာ မေမေ ပြန်လာပြီ …

“သမီးရေ … သမီးလေး … ကိုမြင့်ရေ … သမီးရော”

ဖေဖေက ခပ်တည်တည်ကြီး …

“သမီး … ဟာ သမီး ဘယ်ရောက်သွားပါလိမ့်”

မေမေ ရင်ဘတ်လေးဖိပြီး ကျွန်မကို ရှာနေပြီ။ ကျွန်မ မေမေ့ကို တွေ့နေရတယ်။ ဖေဖေလည်း မေမေနဲ့ အတူ ဟိုဝင်ဒီထွက် ခလုတ်တိုက်ချင်ယောင်ဆောင်ပြီး ကျွန်မကို ရှာတယ်။ ဖေဖေထားတဲ့အတိုင်း ငြိမ်ငြိမ်လေးနဲ့ ခေါင်းလေးပြူပြီး မေမေ့ကို ကြည့်နေလိုက်တယ်။ မအော်ဘူး … လုံးဝ မအော်ဘူး။

“ရှာပါဦး အစ်ကိုရယ် … ဒုက္ခပါပဲ”

ဖေဖေက မေမေ မမြင်အောင် ကျွန်မကို အသာနေပေ့ါ … လက်ကာပြ … မျက်စိမှိတ်ပြနဲ့ … မေမေ ငိုတော့မယ်။

“အိမ်ထဲမှာ ရှိမှာပါ မိန်းမရာ … သေချာရှာပါဦး”

မေမေ ကျွန်မကို တွေ့သွားပြီ။

“အမလေး … ဘယ်လိုလုပ်လိုက်တာလဲ ကိုမြင့်ရယ် … ပြုတ်ကျမှဖြင့်

တော်တော်ဆိုးတဲ့ ဖအေ ... သမီး ကလည်း ငြိမ်လို့ ဟုတ်နေရော”

မေမေက ကျွန်မဆီ ပြေးလာတယ်။ ခြေဖျားလေးထောက်ပြီး ကျွန်မကို လှမ်းဆွဲယူတယ်။ မမှီဘူး ဖြစ်နေတယ်။

သစ်သားနံရံမှာ ဟိုးကတည်းက ခိုင်ခိုင်မာမာရိုက်ထားတဲ့ ၃ လက်မ သံချောင်းရှိနေတယ်။ အဲဒီ မှာ ကျွန်မကို စစ်အိတ်ရှည်ကြီးထဲထည့်ပြီး ချိတ်ထားတာလေ။ မေမေ ကျွန်မကို တွေ့သွားတာ သဘောကျပြီး ကျွန်မ တခစ်ခစ်ရယ်မိတယ်။ မေမေက ဖေဖေ့ကျောကို ထုရိုက်သလို ကျွန်မတင်ပါးလေးကိုလည်း ပုတ်ရိုက်တယ်။

“နောက်စရာရှားလို့ အစ်ကိုရယ် နောက်မလုပ်ပါနဲ့ ... သမီးကလည်း အသံတစ်ချက်မှ မပေးဘူး။ ဖအေ့ သမီး ဖအေ့သမီး အပေါ်မှာတင်ထားတာ မကြောက်ဘူး၊ လူကို ပြူးကြည့်နေတာ မျက်လုံးအဝိုင်းသားနဲ့ ပြုတ်များ ကျလိုက်ရင် ဒုက္ခ ...”

*

ကျွန်မ မတ်တပ်စမ်းတဲ့နေ့မှာ ဖေဖေနဲ့ မေမေ ပျော်နေလိုက်တာများ ...

“ဟာ ... ဖြူရေ ... ဖြူ သမီးမတ်တပ်စမ်းနေပြီကွ ... ကြည့်ဦး ... ကြည့်ဦး ...”

မေမေ ဟင်းချက်တန်းလန်း ပြေးထွက်လာတယ်။ ကျွန်မလည်း ယိုင်ထိုးယိုင်ထိုးနဲ့ လဲမကျအောင် ကြိုးစား ရပ်ပြီး၊ လက်ခုပ်လက်ဝါးတောင် တီးနေလိုက်သေးတာ၊ ဦးဆုံးအောင်မြင်မှုပဲလေ။

ကျွန်မ လမ်းလျှောက်တတ်နေပြီဆိုတော့ မေမေ

အလုပ်ကောင်းကောင်းမလုပ်ရတော့ဘူး။ ကျွန်မကို လိုက်ဆွဲနေရပြီ။ ဒါပေမယ့် … ကျွန်မ မေမေ့ကို စိတ်ရှုပ်အောင် ဘယ်တော့မှ မလုပ်ဘူး။ မေမေ ရပ်ခိုင်းတဲ့နေရာ မေမေနေခိုင်းတဲ့နေရာမှာဘဲနေတာများတယ်။

ညနေ ဖေဖေ ရုံးပြန်လာချိန်ဆို အိမ်ရှေ့ဂရံတာ လက်တန်းလေးကိုကိုင်ပြီး ဖေဖေ့ကို မျှော်ရတယ်။ ဖေဖေ့လို ယူနီဖောင်းနဲ့လူတွေ ဖြတ်သွားတိုင်း “ဖေဖေ … ဖေဖေ” လို့ လှမ်းအော်နေတာမို့ မေမေ့ခမျာ ကျွန်မကို ချီချီပြီး အိမ်ထဲဝင်ပြေးရတယ်။

ကျွန်မ သိပ်လိမ္မာတယ်။ ညတစ်ရေးနိုးလည်း မငိုတတ်ဘူး။ ခေါင်းရင်းမှာ မေမေ မတ်ခွက်နဲ့ အသင့်ဖျော် ထားပေးတဲ့ ဟောလစ်ကိုယူ တဂွတ်ဂွတ်သောက်ပြီး ပြန်အိပ်တာ။ တစ်ခါတစ်လေ နိုးလာရင် အိပ်ချင်မူးတူးနဲ့ “ရေ” လို့ ထအော်တာ။

ဟောလစ်ကို ရေလိုသောက်ခဲ့တာပေါ့ …။

ဒီလိုနဲ့ … မေမေ့ ဗိုက်ထဲမှာ မောင်လေးတစ်ယောက် ဝင်လာတယ်။ ဖိုးဖိုး ဖွားဖွားတွေရှိတဲ့ မြစ်ကြီးနားမှာ မောင်လေးကို သွားမွေးတော့ ကျွန်မပါ မေမေနဲ့အတူ လိုက်ရတယ်။ ဖေဖေ တစ်ယောက်ထဲ ဗထူးတပ်မြို့လေးမှာ ကျန်ခဲ့ရှာတယ်။ ဖေနဲ့ မေ အလွမ်းလေးတွေ ကိုယ်စီဖြစ်ပြီပေါ့။

ဖိုးဖိုး … ဖွားဖွား … ဦးဦး … ဒေါ်ဒေါ် တွေအလယ် ဂဂတုတ်တုတ်ကောင်မလေး ကျွန်မ ဂါဝန်ဖြူဖြူကား ကားလေးဝတ်ပြီး ရယ်မောပျော်ရွှင်စွာ လျှောက်သွားနေတာပေါ့။

ဖိုးဖိုးက ကျွန်မကို ဘိုမလေးတဲ့။ နာမည်တွင်သွားတယ်။ ဖိုးဖိုး သူငယ်ချင်းတစ်ယောက်က ကျွန်မကို သူငယ်နာစင်အောင် အရိုးသန်မာအောင်ဆိုပြီး ကျီးကန်းသားတွေကျွေးတယ်။ တစ်ရက်ခြားဆိုသလို ကျားရိုးသွေး တိုက်ပြန်တယ်။ တစ်ခါ ကင်းချီ(ခြေ)များကို မီးဖုတ် အခွံနွှာကျွေးနဲ့ စုံနေရော။

ဖေဖေ့ဆီက အလွမ်းစာလေးတွေ ရောက်လာတိုင်း မေမေက မျက်ရည်လေးတွေ ဝဲဝေ့ပြီး ဖတ်တယ်။ မေမေ့ရင်ခွင်ထဲ မောင်လေးမရှိတဲ့အချိန် ကျွန်မ ထိုင်ခွင့်ရပြီး မေမေနဲ့အတူ ဖေဖေ့စာကို ဖတ်တာပေ့ါ။

"ဖြူရေ ... ဟိုနေ့က ခြံထဲ ချုံပုတ်တွေရှင်းရင်း သမီး အီးအီးထုပ်လေးတွေတွေ့တော့ သမီးကို လွမ်းလိုက် တာကွာ ..."

ကြည့်ပါဦး ... ဖေဖေရယ် ဒီအတိုင်း မလွမ်းဘဲ ချုံပုတ်ထဲပစ်ပစ်ထားတဲ့ ... ကျွန်မ အီးအီးထုပ်လေးတွေ မြင်ပြီး လွမ်းရတယ်လို့နော်။ ဒါကို မေမေက ပြုံးပြီး ဖတ်ပြတယ်။ ကျွန်မလည်း သဘောအကျကြီးကျပြီး တခစ်ခစ်ပေ့ါ။

ကျွန်မ နည်းနည်းသိတတ်လာတဲ့ အရွယ်မှာ ကျွန်မတို့ မိသားစု မေမြို့မှာ နေရတယ်။ အဲဒီ မှာ မေမေက ကျွန်မအတွက် ညီမလေးနှစ်ယောက် မောင်လေးတစ်ယောက် ထပ်မွေးပေးတယ်။ ပျော်စရာကြီး မောင်နှမငါး ယောက် မတိမ်းမယိမ်း အပြိုင်းပြိုင်း ဆော့လိုက်ကြ ရန်ဖြစ်လိုက်ကြ၊ ငိုလိုက် ရယ်လိုက်ကြပေါ့။ အပူအပင်မရှိတဲ့ ကလေးတွေဘ၀ လိုချင်တာ မှန်သမျှ ဖေနဲ့ မေကို ပူဆာခဲ့ကြတယ်။ ဖေနဲ့ မေလည်း တတ်နိုင်သရွေ့ မညည်းမညူ ဖြည့်ပေးတယ်။

အကျႌချုပ်တတ်သူ မေမေက ကျွန်မတို့မောင်နှမငါးယောက်အတွက် ကုတ်အကျႌ လှလှလေးတွေ ဂါ၀န်ကား ကားလေးတွေ ဘောင်းဘီလေးတွေ ကိုယ်တိုင်စိတ်တိုင်းကျ ချုပ်ပေးတယ်။ (ငယ်စဉ်ကအစ ကျွန်မကျောင်းပြီး အိမ်ထောင်ကျ မြေးတွေရတဲ့အထိပါပဲ။)

ကျွန်မတို့မောင်နှမ ... မေမေ့စည်းကမ်းအတိုင်း နေခဲ့ကြတယ်။ မနက်ထမင်းစားပြီး ခဏနား။ ပြီးရေချိုး သနပ်ခါးလိမ်းပြီးတာနဲ့ နေ့ခင်း ခဏအိပ်ရတယ်။ မအိပ်ချင်လည်း အိပ်။ အိပ်ချင်လည်း အိပ်ဘဲ။ တွတ်တွတ် ကြွက်စိ ကြွက်စိနဲ့ စကားသံလေးတွေ ထွက်ပြီး နောက်တော့ အိပ်ပျော်သွားကြရော။

အိပ်ရာနိုးပြီဆို မေမေက ကော်ဖီနဲ့ မုန့်အဆင်သင့်လုပ်ပေးထားတယ်။

“ကော်ဖီနဲ့ မုန့်စားပြီးရင် မေမေ့ကို ကြမ်းတိုက်ကူကြဦးနော်”

ပြောင်လက်ပြီးသား ကြမ်းကို မေမေက ခဏခဏတိုက်ခိုင်းတယ်။ ဂုံနီအိတ်ပေါ်မှာ တစ်ယောက်ထိုင်၊ တစ်ယောက်ကဆွဲ၊ တစ်ယောက်တစ်လှည့်ဆော့ရင်း ကစားရင်း ကြမ်းတိုက်ကြတယ်။ အတင်းဆွဲလို့ မှောက်ကျ လိမ့်ကျရင်လည်း ရန်ဖြစ်ကြ ငိုကြပေ့ါ။

“မေမေရေ … ကြမ်းတိုက်ပြီးပြီ … သားတို့ သမီးတို့ သွားဆော့တော့မယ်”

စကားမဆုံးပါ။ လှစ်ခနဲ လှစ်ခနဲ ပြေးထွက် ဖိနပ်အချွတ်မှာ ကိုယ့်ဖိနပ် သူ့ဖိနပ်လုစီးပြီး အိမ်ရှေ့လမ်း ဟိုဘက် သကြားသီးပင်ရှိရာ ပြေးကြတာ။ သကြားပင်အောက် သူငယ်ချင်းတွေက ရောက်နှင့်နေပြီ။ မြေတလင်းမှာ စကားတွေပြောရင်း မေမြို့-လားရှိုး-မီးရထားသံလမ်းက ကောက်လာတဲ့ ကျောက်ခဲညီညီလေးတွေနဲ့ ဇယ် ခုတ်တမ်းကစားရင် ကစား၊ ကုလားမစည်း ဆော့ရင်ဆော့၊ ငြင်းကြ ခုန်ကြနဲ့ လိုက်တမ်း ပြေးတမ်း ဆော့ရင်း ပျော်ရွှင်စရာ မမေ့နိုင်စရာ ကလေးဘဝတွေပါ။

နေဝင်ဆည်းဆာ အမှောင်ပျိုးလာပါစေ။ မေမေ ခေါ်သံမကြားသရွေ့ ကျွန်မတို့ မောင်နှမတွေ ကစားနေရာ မှာဘဲ ကစားဖော်တွေနှင့် အော်ဟစ်ဆူညံစွာ ဆော့ကစားတာ မပဂနိုင်ရှိနေတယ်။

မေမေနဲ့အတူ အတိတ်တစ်နေရာကို ကျွန်မလည်း လွမ်းတယ်။

*